AEC
Australian Electoral Commission

Burmese/မြန်မာ

# ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများ

ဗဟိုအစိုးရဆိုင်ရာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုပြုထားသည့် မေးခွန်းတစ်ရပ်အပေါ် နိုင်ငံလုံးကျွတ် ဆန္ဒမဲပေးခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ ကျွန်ုပ်တို့၏နိုင်ငံ အုပ်ချုပ်ပုံ၏ အုတ်မြစ် စာရွက်စာတမ်းဖြစ်သည်။ ၁၉၀၁ ခုနှစ်ကတည်းက ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများကို ၄၄ ကြိမ်ကျင်းပခဲ့သည်။ ကျွန်ုပ်တို့ နောက်ဆုံးအကြိမ် ကျင်းပခဲ့သော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲမှာ အတော်ကြာမြင့်ခဲ့ပါပြီ။ နောက်ဆုံးအကြိမ် ဆန္ဒခံယူပွဲကို လွန်ခဲ့သောအနှစ် ၂၀ ကျော်၊ ၁၉၉၉ ခုနှစ်က ကျင်းပခဲ့ပါသည်။

## မည်သူတို့ မဲပေးရမည်နည်း

အသက် ၁၈ နှစ်နှင့် ၎င်းအထက်ရှိကြသော ဩစတြေးလျားနိုင်ငံသားများအားလုံး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ၌ မဖြစ်မနေ မဲပေးရမည်ဖြစ်သည်။ သင့်အမည်ကို စာရင်း သွင်းထားရမည်ဖြစ်ပြီး အောက်ပါအခြေအနေများတွင် သင်၏ စာရင်းသွင်းထားမှု အသေးစိတ်ကို အချိန်နှင့် တစ်ပြေးညီ ပြင်ဆင်ရပါလိမ့်မည်။

- သင့်အမည် သို့မဟုတ် လိပ်စာကို မကြာသေးမီက ပြောင်းလဲခဲ့လျှင်၊
- အသက် ၁၈ နှစ် ပြည့်ခဲ့လျှင်၊ သို့မဟုတ်
- ဩစတြေးလျား နိုင်ငံသားအဖြစ် ခံယူခဲ့လျှင်တို့ဖြစ်သည်။

**aec.gov.au** ဝက်ဘ်ဆိုက်တွင် ကြည့်ပါ သို့မဟုတ် AEC ရုံးခွဲတစ်ခုခုမှ စာရင်းသွင်းမှုပုံစံကို ရယူပါ။

## မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် မဲထည့်ရမည်နည်း

မဲပေးမည့်နေ့တွင် မဲရုံများကို နိုင်ငံတစ်ဝန်း စနေနေ့ တစ်ရက်ရက်တွင် နံနက် ၈ နာရီမှ ညနေ ၆ နာရီအကြား ဖွင့်လှစ်မည်ဖြစ်သည်။

နေရာအနှံ့ လှည့်လာသွားလာသော မဲရုံအဖွဲ့များသည် လည်း မဲပေးသည့်နေ့မတိုင်မီ ရက်သတ္တပတ်များအတွင်း ဝေးလံခေါင်သီသော ဒေသအများအပြားသို့ သွားရောက် မည်ဖြစ်သည်။

အကယ်၍ သင်သည် မဲရုံသို့ ထိုနေ့အမီ မတက်ရောက်နိုင်ပါက လူကိုယ်တိုင်ဖြစ်စေ စာတိုက်မှတဆင့်ဖြစ်စေ စောစီးစွာ မဲပေးနိုင်ပါသည်။


နောက်ထပ် အသေးစိတ်အချက်အလက်များကို ဆန္ဒခံယူပွဲနှင့် ပို၍နီးကပ်လာချိန်၌ **aec.gov.au** တွင် တွေ့ရှိပါလိမ့်မည်။

## မဲပေးနည်း

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် မဲပေးခြင်းသည် ရွေးကောက်ပွဲတွင် မဲပေးခြင်းနှင့် မတူပါ။ မဲစာရွက် တစ်ရွက်တည်းသာ ဖြည့်စွက်ရန် လိုအပ်ပါသည်။ မဲစာရွက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုပြု ထားသည့် မေးခွန်းကို ဖော်ပြထားမည်ဖြစ်သည်။ မဲဆန္ဒပေးရာတွင် အဆိုပြုထားသောပြောင်းလဲမှုကို သင်ထောက်ခံပါက ‘yes’ ဟု အင်္ဂလိပ်လိုရေးပြီး မထောက်ခံပါက ‘no’ ဟု အင်္ဂလိပ်လိုရေးပါ။ သင့်အဖြေကို အင်္ဂလိပ်လို ရေးရပါမည်။

မဲရုံတွင် မဲရုံအရာရှိ၊ သင့် မိတ်ဆွေ သို့မဟုတ် မိသားစုဝင် တစ်ဦးဦးအား တရားဝင် မဲပေးပုံနှင့် ပတ်သက်၍ အကူအညီတောင်းနိုင်သည်။


**သင် အမှားအယွင်းလုပ်မိက စိတ်မပူပါနှင့်။**
မဲစာရွက် နောက် တစ်စောင်ကိုတောင်းပြီး မဲပြန်ထည့်နိုင်ပါသည်။


Commonwealth of Australia
BALLOT PAPER
State/territory
Referendum on proposed Constitution alteration
DIRECTIONS TO VOTER
Write “YES” or “NO” in the space provided opposite the question set out below.
A PROPOSED LAW:
There would be a description of the proposed constitutional change here.
DO YOU APPROVE THIS PROPOSED ALTERATION?
YES
WRITE “YES” OR “NO”
OFFICIAL USE ONLY
AEC Australian Electoral Commission
SAMPLE

မဲစာရွက် နမူနာ

အဆိုပြုထားသော ပြောင်းလဲမှုကို သင် ထောက်ခံပါက **YES** ဟု အင်္ဂလိပ်လိုဟုရေးပါ။

သို့မဟုတ်


Commonwealth of Australia
BALLOT PAPER
State/territory
Referendum on proposed Constitution alteration
DIRECTIONS TO VOTER
Write “YES” or “NO” in the space provided opposite the question set out below.
A PROPOSED LAW:
There would be a description of the proposed constitutional change here.
DO YOU APPROVE THIS PROPOSED ALTERATION?
NO
WRITE “YES” OR “NO”
OFFICIAL USE ONLY
AEC Australian Electoral Commission
SAMPLE

မဲစာရွက် နမူနာ

အဆိုပြုထားသော ပြောင်းလဲမှုကို သင် မထောက်ခံပါက **NO** ဟု အင်္ဂလိပ်လိုဟုရေးပါ။

သင့်အဖြေကို အင်္ဂလိပ်လို ရေးရပါမည်။

## ရလဒ်ကို ဆုံးဖြတ်ပုံ

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုပြုချက်ကို ဆန္ဒမဲ 'အများစုနှစ်ဆ' (double majority) ဖြင့် အတည်ပြုရမည်ဖြစ်သည်။ ဆိုလိုသည်မှာ၊


- ပြည်နယ်များနှင့် အုပ်ချုပ်ခံ နယ်မြေများအားလုံးတွင် ထည့်ခဲ့သော နိုင်ငံတော်တစ်ဝန်းမှ တရားဝင် ဆန္ဒမဲ (၅၀% ကျော်) နှင့်
- ပြည်နယ်များ အများစု (ပြည်နယ်များခြောက်ခုအနက် အနည်းဆုံး လေးခု) တွင် ထည့်ခဲ့သော တရားဝင် ဆန္ဒမဲ အများစု (၅၀% ကျော်) ဖြစ်သည်။

### ပြည်လုံးကျွတ်ဆန္ဒသည် အောက်ပါအခြေအနေမျိုးတွင် အတည်ပြုခံရသည်။




နိုင်ငံတော်တစ်ခုလုံးရှိ ပြည်နယ်များနှင့် အုပ်ချုပ်ခံ နယ်မြေများ အားလုံးမှ မဲဆန္ဒရှင် အများစု (ထက်ဝက်ကျော်) က **YES** မဲကို ပေးခဲ့သည်။

ထို့အပြင်





ပြည်နယ်ပေါင်း ခြောက်ခုအနက် အနည်းဆုံး လေးခုမှ မဲဆန္ဒရှင် အများစု (ထက်ဝက်ကျော်) က **YES** မဲကို ပေးခဲ့သည်။

### ပြည်လုံးကျွတ်ဆန္ဒသည် အောက်ပါအခြေအနေမျိုးတွင် အတည်ပြု မခံရပါ။




နိုင်ငံတော်တစ်ခုလုံးရှိ ပြည်နယ်များနှင့် အုပ်ချုပ်ခံ နယ်မြေများ အားလုံးမှ မဲဆန္ဒရှင် အများစု (ထက်ဝက်ကျော်) က **NO** မဲကို ပေးခဲ့သည်

နှင့်/ သို့ မဟုတ်




ပြည်နယ်ပေါင်း အနည်းဆုံး သုံးခုမှ မဲဆန္ဒရှင် အများစု (ထက်ဝက်ကျော်) က **NO** မဲကို ပေးခဲ့သည်

**ရလဒ်သည် တရားဝင် အတည်ဖြစ်မည်။** ဆိုလိုသည်မှာ ဩစတြေးလျား နိုင်ငံတော်အစိုးရသည် မဲဆန္ဒရှင်များ ဆုံးဖြတ်သည့်အတိုင်း လိုက်နာလုပ်ကိုင်ရမည် ဖြစ်သည်။

## ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများဆိုင်ရာ ယုံမှတ်မှုများကို ခြေဖျက်ခြင်း

**ယုံမှတ်မှု။** ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများကို မည်သည့်အကြောင်းအရာ သို့မဟုတ် ဥပဒေနှင့်မဆို ပတ်သက်ပြီး ကျင်းပနိုင်သည်။
**ဖြစ်ရပ်မှန်။** ဆန္ဒခံယူပွဲများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲရန် အဆိုပြုခြင်းအတွက်သာ ကျင်းပနိုင်သည်။

**ယုံမှတ်မှု။** ၂၀၁၇ ခုနှစ် လက်ထပ်ထိမ်းမြားခြင်းဥပဒေဆိုင်ရာ စစ်တမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲမှုနှင့် သက်ဆိုင်သော သို့မဟုတ် ၎င်းနှင့် မသက်ဆိုင်သော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြစ်သည်။
**ဖြစ်ရပ်မှန်။** ၎င်းမှာ စာတိုက်မှပေးပို့သော စစ်တမ်းတစ်ခုဖြစ်ပြီး ပါဝင်မှုသည် မိမိ စိတ်ကြိုက်သက်သက် ဆန္ဒအလျောက်သာဖြစ်သည်။

**ယုံမှတ်မှု။** ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် မဖြစ်မနေ မဲထည့်ရန် မလိုအပ်ပေ။
**ဖြစ်ရပ်မှန်။** သင်သည် အသက် ၁၈ နှစ်နှင့် ၎င်းအထက် ဩစတြေးလျားနိုင်ငံသားဖြစ်လျှင် မဲမပေးပဲ မနေရဖြစ်မည်။

**ယုံမှတ်မှု။** ကျွန်ုပ် သီးခြားစာရင်းသွင်းရန် လိုအပ်သည်။
**ဖြစ်ရပ်မှန်။** အကယ်သင် ရွေးကောက်ပွဲများအတွက် စာရင်းသွင်းထားပြီးဖြစ်က၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက်လည်း စာရင်းသွင်းထားပြီးဖြစ်သည်။ သင့်အသေးစိတ်အချက်အလက်များ အချိန်နှင့် တစ်ပြေးညီဖြစ်နေရန် သေချာပါစေ။

**ယုံမှတ်မှု။** ကျွန်ုပ် စာတိုက်မှတဆင့်သာ မဲပေးနိုင်သည်။
**ဖြစ်ရပ်မှန်။** သင်သည် ထိုနေ့တွင် မဲပေးနိုင်သည် သို့မဟုတ် ထိုအချိန်နှင့် ပိုမိုနီးကပ်လာချိန်တွင် aec.gov.au ၌ ကြည့်ရှုကာ လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှတဆင့် မဲပေးရန် သင့်မဲပေးပိုင်ခွင့်ကို စစ်ကြည့်နိုင်ပါသည်။

**ယုံမှတ်မှု။** ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတစ်ခုကို အတည်ပြုခံရရန် ၇၀% သို့မဟုတ် ထို့ထက်ပိုသော 'yes' မဲများ လိုအပ်သည်။
**ဖြစ်ရပ်မှန်။** ပြည်နယ်များနှင့် အုပ်ချုပ်ခံ နယ်မြေများအားလုံးမှ မဲဆန္ဒရှင်များ၏ ၅၀% ကျော်နှင့် ပြည်နယ်များ အများစုရှိ မဲဆန္ဒရှင် ၅၀% ကျော် (ပြည်နယ်များ ခြောက်ခုအနက် အနည်းဆုံး လေးခု) မှ အတည်ပြုရမည်ဖြစ်သည်။ ၎င်းမှာ 'အများစုနှစ်ဆ' (double majority) ဖြစ်သည်။

## AEC ၏ အခန်းကဏ္ဍ

AEC သည် သီးခြားလွတ်လပ်ပြီး သမာသမတ်ကျသော ဥပဒေဆိုင်ရာ အာဏာပိုင်ဖြစ်သည်။

၎င်း၏အခန်းကဏ္ဍမှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများ၌ စာရင်းသွင်းပေးခြင်း၊ မဲပေးခြင်းနှင့် ပြန်ကြားရေးဆိုင်ရာ ဝန်ဆောင်မှုများကို ပေးရန်တို့ဖြစ်သည်။

AEC သည် ဩစတြေးလျား အိမ်ထောင်စုများသို့ yes/no လက်ကမ်းစာစောင်ကို ပေးပို့လိမ့်မည်ဖြစ်ပြီး၊ ၎င်းပါအချက်အလက်များကိုမူ လွှတ်တော်မှ စီမံဆောင်ရွက်ပေးမည်ဖြစ်သည်။ လက်ကမ်းစာစောင်များ ပေးပို့ခြင်းမှလွဲ၍ AEC သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲရန် အဆိုပြုထားချက်ကို ထောက်ခံသည့် သို့မဟုတ် ဆန့်ကျင်သည့် မဲဆွယ်မှုများတွင် ပါဝင်ပတ်သက်ခြင်း လုံးဝမရှိပါ။

ရှေ့လာမည့်
ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင်
**အရင်းအမြစ်များကို လေ့လာစစ်ဆေးပါ။**

## ခေတ္တဆိုင်းငံ့ပြီး ရင်းမြစ်ကို စဉ်းစားသုံးသပ်ပါ

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် သင့်မဲက ဩစတြေးလျား နိုင်ငံတော်အတွက် အရေးကြီးသော ဆုံးဖြတ်ချက်ကို ချမှတ်ရာ၌ အထောက်အကူပြုလိမ့်မည်ဖြစ်သည်။

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပချိန်ကာလအတွင်း၊ တမင်တကာ လှည့်စားမည့် အချက်အလက်များကို သင် တွေ့ကောင်းတွေ့နိုင်မည်။

သင် တွေ့မြင်၊ ကြားသိ၊ ဖတ်ရှုရသည့် အရင်းအမြစ်များကို ခေတ္တဆိုင်းငံ့၍ စစ်ဆေးပြီး စဉ်းစားသုံးသပ်ပါ။ ဤ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် မဟုတ်မမှန် သတင်းများဖြင့် လှည့်စားမခံရပါစေနှင့်။

အရင်းအမြစ်များကို စစ်ဆေးခြင်းဆိုင်ရာ လက်တွေ့ကျ အကြံပြုချက်များကို **aec.gov.au** တွင် ကြည့်ပါ။



ကင်ဘာရာမြို့တော် ရွေးကောက်ပွဲ ကော်မရှင်နာက တရားဝင် ခွင့်ပြုသည်။
Authorised by the Electoral Commissioner, Canberra